# ပအိုဝ်းစွိုးခွိုပ ဖက်ဒရယ်ကောင်စီ

**Pa-O National Federal Council (PNFC)**

## ပအိုဝ်းအမျိုးသားနယ်မြေသို့လာရောက်ကူညီသည့်သံတမန်ယာဉ်တန်းတိုက်ခိုက်ခံရခြင်းအပေါ် ထုတ်ပြန်ကြေညာချက် (၀၄/၂၀၂၃)

၁။ ၂၀၂၃ခုနှစ် မေလ(၇)ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း၊ ပအိုဝ်းအမျိုးသားနယ်မြေသို့လာရောက်သည့် အာဆီယံလူသားချင်းစာနာမှု အကူညီညှိနှိုင်းဆောင်ရွက်ရေးဗဟိုဌာန(AHA)Centerမှ သံတမန်ယာဉ်တန်း ပစ်ခတ်တိုက်ခိုက်ခံခဲ့ရသည့်အပေါ် ပအိုဝ်းအမျိုးသားဖဒရယ်ကောင်စီ(PNFC)က ကျူးလွန်ခဲ့သူများအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချသည်။

၂။ ၎င်းအဖြစ်အပျက်ကိုမြင်တွေ့ခဲ့သော ဒေသခံပအိုဝ်းပြည်သူများ၏ပြောဆိုချက်အရ ဒေသခံဌာနေအသွင်ပြောင်း ပြည်သူ့စစ်အဖွဲ့ကလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ ယင်းကဲ့သို့ ဌာနေပြည်သူ့စစ်အဖွဲ့ကလုပ်ဆောင်ရာတွင် နောက်ကွယ်ကစေခိုင်းသည့်အခြေနေများရှိကြောင်းတွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံဆိုင်ရာ ASEANအထူးကိုယ်စားလှယ်ရုံးက တာဝန်ရှိသူများ အပါအဝင် နိုင်ငံတကာအစိုးရများနှင့် နိုင်ငံတကာအသိုင်းဝိုင်းမှ ယင်းလုပ်ရပ်အပေါ် စုံစမ်းစစ်ဆေးအရေးယူပေးရန် တောင်းဆိုပါသည်။

၃။ ပြည်ထောင်စုညီညွတ်ရေးပြိုကွဲပြီး တိုင်းပြည်အတွင်း တင်းမာမှုများ အမြင့်မားဆုံးကာလတွင် မတူညီသောတိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား ပဋိပက္ခများကို ဖန်တီး၍လည်းကောင်း၊ တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းရှိ မတူကွဲပြားသောအုပ်စုများအကြား ပဋိပက္ခများကိုဖန်တီး၍လည်းကောင်း၊ နိုင်ငံရေးထွက်ပေါက်ရှာလိုသူ စစ်ကောင်စီ၏အမျိုးမျိုးသော သပ်လျှိုသွေးခွဲမှုများကို သတိကြီးစွာ ထားရမည့်အချိန်ဖြစ်ပါသည်။ ကယန်းအပါဝင် ကရင်နီနှင့်ပအိုဝ်းအကြား ဘာသာရေး လူမျိုးရေး ပဋိပက္ခများကို ဖန်တီးနေသော စစ်ကောင်စီသည် ပအိုဝ်းအမျိုးသားအချင်းချင်းကြား ပဋိပက္ခမျိုးစုံကိုဖန်တီး၍ ရန်တိုက်ပေးနေသည်မှာ ထင်ရှားသထက်ထင်ရှားလာပြီဖြစ်ပါသည်။ အတိတ်ကာလ စစ်အေးခေတ်၌ **“အမျိုးသားရေးနှင့် လူတန်းစားရေး”** အယူဝါဒမတူ ကွဲပြားသည့်အခြေခံတွင် ပြင်ပပယောဂများ၏ သွေးခွဲမှုဖြင့် **“ပအိုဝ်းဖြူနှင့်ပအိုဝ်းနီ”** ဟူ၍ အုပ်စုများကွဲခဲ့ကြပြီး ပအိုဝ်းအမျိုးသားအချင်းချင်းကြား ၁၁နှစ်ကြာ တိုက်ခိုက်သတ်ဖြတ်သွေးချောင်းစီးခဲ့ကြသည့် သမိုင်းဖြစ်ရပ်ဆိုး တပတ်ပြန်မလည်စေရေးအတွက် သက်ဆိုင်သူပအိုဝ်းလက်နက်ကိုင်တပ်ဖွဲ့များအပါအဝင် ပအိုဝ်းပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းတားဆီးကာကွယ်ကြပါရန် တိုက်တွန်းပန်ကြားအပ်ပါသည်။

၄။ ပအိုဝ်းဒေသသို့ လာရောက်ကူညီသည့် သံတမန်ယာဉ်တန်းတိုက်ခိုက်ခံရမှု ဖြစ်စဉ်ကိုကြည့်ခြင်းအားဖြင့် အကြမ်းဖက်စစ်ကောင်စီသည် အကူညီလိုအပ်နေသော ပြည်သူအားလုံးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်ပံ့များပေးရန် ဆန္ဒမရှိကြောင်းနှင့်ဖော်ဆောင်နိုင်သည့် အခြေနေစွမ်းပကားလည်းမရှိကြောင်း တွေ့ရှိရပါသည်။ စစ်ကောင်စီ၏အကြမ်းဖက် မှုများကိုမရပ်ဆိုင်းနိုင်ဘဲ လူသားချင်းစာနာမှုအကူညီများကို ထိထိရောက်ရောက်ပေးနိုင်မည် မဟုတ်ပါ။ ပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးလိုလားသူများအကြား ဘုံသဘောတူညီချက်တစ်ရပ်ကို ရယူဖော်ဆောင်နိုင်မှသာ လူသားချင်းစာနာမှုအကူညီများပေးရေးအပါအဝင် အဓိပ္ပါယ်ရှိသောဒေသ တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ပအိုဝ်းအမျိုးသားဖက်ဒရယ်ကောင်စီ(PNFC)

ကောဇာသက္ကရာဇ် - ၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၈)ရက်

ခရစ်သက္ကရာဇ် - ၂၀၂၃ ခုနှစ်၊ မေလ (၁၁)ရက်

ဆက်သွယ်ရန် - ခွန်ဝါး (+၆၆) ၈၂၉၈၄၀၆၅၆

ခွန်ဝေထူး (+၉၅) ၉၄၄၈၂၃၈၀၁၄